# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 2, 2024 Volume 82, Number 1


## ပြည်တွင်းလက်ကျန်နည်းလာသောကြောင့် ဂျုံဈေးကွက် အနည်းငယ်ဈေးမြင့်တက်လာ



ပြည်တွင်းလက်ကျန်နည်းလာသောကြောင့် ဂျုံဈေးကွက်မှာ ဩဂုတ်လဆန်းပိုင်းထက် ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၅၀,၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း ကုန်သည်များထံက သိရသည်။

ပြည်တွင်းဂျုံလက်ကျန်နည်းပါးလာခြင်း၊ တောင်သူများလက်ဝယ်တွင် မရှိတော့ဘဲ လှောင်သမားလက်များတွင်သာ ကျန်ရှိတော့တာကြောင့် ဈေးမြင့်တက်လာခြင်းဖြစ်ပြီး နိုင်ငံခြားဂျုံပေါက်ဈေးမှာလည်း မြင့်တက်လာသောကြောင့် ယခုလို တစ်လအတွင်း ဂျုံဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း မန္တလေးမြို့ ဒေါင်းဂျုံစက်ပိုင်ရှင် ဦးသက်တင်က ပြောသည်။

"ပြည်တွင်းဂျုံလက်ကျန်က နည်းလာတော့ ဈေးမြင့်တက်လာတာပါ။ အရောင်းအဝယ်ကတော့ ပုံမှန်သာရှိနေပါတယ်။ ကမ္ဘာ့ဂျုံဈေးကလည်း မြင့်တက်လာတော့ ပြည်တွင်းဂျုံဈေးလည်း လိုက်ပါမြင့်တက်လာတာပါ။ ဂျုံစိုက်ပျိုးချိန်ကလည်း လိုသေးတော့ ပုံမှန်အရောင်းအဝယ်ရှိနေရုံဖြင့် ပစ္စည်းစောပြီး ပြတ်နိုင်တာကြောင့် လှောင်လက်သမားများ ဈေးမြင့်ရောင်းလာတာပါ"ဟု ၎င်းကပြောသည်။

ယခုနှစ် ဂျုံစိုက်တောင်သူများအနေဖြင့် ဂျုံပေါ်စတွင် ၆၀ ပိဿာတစ်အိတ်လျှင် ကျပ် ၁၇၀,၀၀၀ ခန့်ရရှိခဲ့ပြီး လက်ရှိအချိန်တွင် ဂျုံတစ်အိတ်လျှင် ကျပ် ၂၃၀,၀၀၀ ထိ ပေါက်ဈေးနေပြီး တစ်လအတွင်း ကျပ် ၅၀,၀၀၀ ခန့် ဈေးမြင့်တက်လာခြင်းဖြစ်သည်။

၂.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၉.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၄၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၃.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၉၅ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဩဂုတ် ၃၀ ရက် မန္တလေးဈေးကွက်တွင် ဂျုံစေ့(တောင်ဘက်၊ ငါန်းဇွန်၊ မြို့သာ) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၁၀,၀၀၀ - ၂၃၀,၀၀၀၊ ဂျုံစေ့ (မုံရွာ၊ ဘုတလင်) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၁၀,၀၀၀ -၂၃၀,၀၀၀၊ ဂျုံစေ့ (စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၁၀,၀၀၀ -၂၃၀,၀၀၀၊ ဂျုံစေ့ (မြင်းမူ၊ မြောင်) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၁၀,၀၀၀ -၂၃၀,၀၀၀၊ ဂျုံစေ့ (ရှမ်း) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၁၈၀,၀၀၀ -၁၉၀,၀၀၀၊ ဂျုံစေ့ (အထွက်တိုး) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၁၈၀,၀၀၀ -၁၈၇,၀၀၀၊ ဂျုံစေ့ (AUS) တစ်ပိဿာလျှင် ကျပ် ၃၇၀၀၊ ဂျုံဖွဲ တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ပေါက်ဈေးရှိနေပြီး ဂျုံအမျိုးအစားအလိုက် တစ်အိတ်လျှင် ကျပ် ၂၀,၀၀၀ မှ ၅၀,၀၀၀ အထိ ဈေးမြင့်တက်လာသည်။

ဂျုံသီးနှံကို ဆောင်းစိုက်သီးနှံအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ၊ မြင်းမူ၊ ရွှေဘို၊ ဆားတောင်၊ ဘုတလင်၊ ကလေးဒေသတို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်၊ မြို့သာ၊ သဲတော-ဝမ်းတွင်းဒေသများတွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပို့ကုန်ရငွေတင်ပြနိုင်မှသာ ဆေးဝါးသွင်းကုန်လိုင်စင်ခွင့်ပြုပေးမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသိပေး

နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၆၆/၂၀၂၄) လမ်းညွှန်ချက်အရ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှစ၍ ပို့ကုန်ရငွေ (Export Earning) တင်ပြမှသာ ဆေးဝါးသွင်းကုန်လိုင်စင်များကို ခွင့်ပြုရမည်ဖြစ်သည့်အတွက် ကုန်သွယ်ရေးဦးစီးဌာန၊ Trade Net 2.0 စနစ်တွင်၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ လျှောက်ထားသော ဆေးဝါးသွင်းကုန်လိုင်စင် လျှောက်လွှာများအား စနစ်အတွင်းမှ ပယ်ဖျက် (Delete) သွားမည်ဟု ဖော်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းသို့ ပေးပို့ထားသည့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း လျှောက်ထားခဲ့သည့် ဆေးဝါးသွင်းကုန်လိုင်စင်လျှောက်လွှာကုမ္ပဏီ ၁၁၆ ခုမှ စောင်ရေ ၇၁၆ စောင်၊ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၈၂၂သန်းအား အသင်းမှ စိစစ်ပြီးသည့်အချိန်တွင် ဆေးဝါးသွင်းကုန်လိုင်စင်လျှောက်လွှာအသစ်ဖြင့်သာ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီအစည်းအဝေးသို့ တင်ပြခွင့်ပြုချက်ရယူပြီး ဆေးဝါးသွင်းကုန်လိုင်စင်ကို ခွင့်ပြုထုတ်ပေးမည်ဖြစ်သည်။

သို့ဖြစ်၍ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှစ၍ ဆေးဝါးသွင်းကုန်လိုင်စင်လျှောက်လွှာများအား ပို့ကုန်ရငွေ (Export Earning) ဖြင့် တင်ပြရမည်ဖြစ်ကြောင်း၊ ဆေးဝါးတင်သွင်းမည့် ကုမ္ပဏီများသို့ ထပ်ဆင့်အသိပေးသွားရန်နှင့် သွင်းကုန်လိုင်စင် လျှောက်ထားမှု Oil များကိုလည်း Oil အသစ်ဖြင့်သာ ပြန်လည်လျှောက်ထားရန် အသိပေးအကြောင်းကြားထားသည်။

မြန်မာ့ဆေးဝါးဈေးကွက်တွင် ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်ပနိုင်ငံများမှ တင်သွင်းနေခြင်းဖြစ်ပြီး ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းကို ပြည်တွင်း၌ ထုတ်လုပ်နေခြင်းဖြစ်သည်။

**Source:** https://www.popularmyanmar.com/

## တစ်ပတ်စာ ဈေးကွက်သုံးသပ်ချက် (၂၆.၈.၂၀၂၄ မှ ၃၀.၈.၂၀၂၄)

**မတ်ပဲ**

မတ်ပဲဈေးက မြင့်တက်နေဆဲ အခြေအနေဖြစ်ပါတယ်။ ငွေကြေးလဲလှယ်ဈေးနှုန်း ကျဆင်းသွားတဲ့အတွက် ပြီးခဲ့တဲ့အပတ်တွေကလိုတော့ အတက်မကြမ်းတော့တာကို တွေ့ရပါတယ်။ ဗဟိုဘဏ်ကလည်း ဒေါ်လာအများအပြား ထုတ်ရောင်းပေးခဲ့သလို ပို့ကုန်ရငွေ မူဝါဒပြောင်းလဲပေးလိုက်တဲ့အတွက် ဈေးကွက်အတွင်း ပို့ကုန်ပဲတွေအတွက် တင်ပို့မှု အဆင်ပြေတဲ့ အခြေအနေလို့ ကုန်သည်အချို့ကတော့ ဆိုပါတယ်။ အိန္ဒိယတင်ပို့မှုကတော့ ရှိနေတာဖြစ်ပါတယ်။ ပဲအသစ်တွေက ဈေးကွက်

အတွင်း အဝင်ရှိနေပြီး အရောင်းအဝယ်ကလည်း ရှိနေတယ်လို့ဆိုပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ မြန်မာမတ်ပဲဈေးတွေ အနည်းငယ် ပြန်မြင့်တက်လာပါတယ်။ အိန္ဒိယနိုင်ငံရဲ့ လိုအပ်ချက်မြင့်မား နေဆဲ အခြေအနေဖြစ်ပြီး အကျဈေးနဲ့ ဝယ်ယူမှုတွေ များလာတာကြောင့် ဈေးပြန်မြင့်တက်လာတာလို့ သိရပါတယ်။

အိန္ဒိယနိုင်ငံ ချန်နိုင်းဈေးကွက်မှာ မြန်မာ မတ်ပဲ FAQ က တစ်တန်ကို ရူပီး ၈၃၇၅ ရှိပြီး လွန်ခဲ့တဲ့ရက်သတ္တပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂၂၅ ရူပီး ဈေးမြင့်တက်လာပါတယ်။ မတ်ပဲ FOB ဈေးနှုန်းကတော့ တစ်တန်ကို ၈၆၀ မှ ၈၇၀ ဒေါ်လာ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့ အပတ်က ဈေးအတိုင်း အပြောင်းအလဲမရှိ ငြိမ်ပါတယ်။

ပြီးခဲ့တဲ့အပတ် သောကြာနေ့က ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၃,၇၅၈,၀၀၀ ရှိခဲ့ပါတယ်။ တနင်္လာနေ့မှာတော့ တစ်တန်ကို ၃,၈၃၁,၀၀၀၊ အင်္ဂါနေ့မှာတော့ တစ်တန်ကို ၃,၉၂၅,၀၀၀ကျပ်၊ ဗုဒ္ဓဟူးနေ့မှာတော့ တစ်တန်ကို ၃,၉၀၄,၀၀၀၊ ကြာသပတေးနေမှာတော့ တစ်တန်ကို ၃,၈၈၅,၀၀၀ ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁၂၇,၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

(SQ/RC) ကတော့ တစ်တန်ကို ၄,၃၀၅,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ် သောကြာနေ့နဲ့ယှဉ်ရင် တစ်တန်ကို ၁၅၇,၀၀၀ ကျပ် ဈေးမြင့်ပါတယ်။ မတ်ပဲ Raw ကတော့ တစ်ပိဿာကို ၆၄၅၅ မှ ၆၄၉၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၁၀ ကျပ် ဈေးမြင့်တက်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ မတ်ပဲအသစ်က တစ်အိတ်ကို ၃၂၀,၀၀၀ မှ ၃၃၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၁၅,၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။ လက်ရှိ ပြည်တွင်းငွေလဲလှယ်နှုန်းဈေးက ပြင်ပပေါက်ဈေးက ကျပ် ၆၀၀၀ အောက်ထိ ပြန်ကျဆင်းနေပါတယ်။

**ပဲတီစိမ်း**

ဈေးဆက်တိုက် မြင့်တက်ခဲ့တဲ့ ပဲတီစိမ်းက ဒီတစ်ပတ်မှာတော့ ဈေးကျဈေးအေးသွားပါတယ်။ ငွေလဲလှယ်ဈေးနှုန်းတွေ ကျဆင်းသွားတာနဲ့အမျှ ပဲဈေးက ကျဆင်းသွားတာလို့သိရပါတယ်။ ဈေးကွက်အတွင်းမှာတော့ ပုံမှန်အရောင်းအဝယ်ရှိနေတယ် လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ ပဲတီစိမ်း(ခရမ်းရွှေဝါ)၊ (ပဲခူးရွှေဝါ)၊ ဝါးခယ်မ၊ ပခုက္ကူတို့က တစ်ပိဿာကို ၃၂၅၀ ကနေ ၅၅၈၅ ကြားပေါက်ဈေးရှိနေပြီး ဈေးငြိမ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း (အညာ) အသစ်က သုံးတင်းဝင်တစ်အိတ်ကို ၂၀၀,၀၀၀ မှ ၂၄၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၂၅,၀၀၀ ကျပ်ဈေးကျဆင်းပါတယ်။

**နှမ်းမျိုးစုံ**

ဆက်တိုက်ဈေးမြင့်တက်လာခဲ့တဲ့ နှမ်းမျိုးစုံက ဒီတစ်ပတ်မှာတော့ ဈေးတွေ ပြန်ကျဆင်းပါတယ်။ အမြင့်ဈေးကြောင့် ဝယ်လိုအားလျော့နည်းသွားပြီး ငွေဈေးအခြေအနေတွေကြောင့် တင်ပို့မှုလည်း နည်းသွားတဲ့အခြေအနေပါ။ ဒီတစ်ပတ်မှာတော့ ငွေကြေးဈေး ပြန်ကျဆင်းတာကြောင့် နှမ်းဈေးတွေလည်း ဈေးပြန်ကျဆင်းလာတာ ဖြစ်ပါတယ်။

မန္တလေးဈေးကွက်မှာ နှမ်းနက်(စမုန်)က တစ်အိတ်ကို ၅၁၀,၀၀၀ မှ ၆၃၅,၀၀၀ ရှိနေပြီး တစ်အိတ်ကို ၁၃၅,၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။ နှမ်းညိုကတော့ တစ်အိတ်ကို ၃၃၀,၀၀၀ မှ ၃၅၀,၀၀၀ ပေါက်ဈေးရှိပြီးတစ်အိတ်ကို ၅၀,၀၀၀ ကျပ်၊ ပန်းနှမ်းကတော့ တစ်အိတ်ကို ၂၇၅,၀၀၀ မှ ၂၈၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀,၀၀၀ ကျပ် အသီးသီးဈေးကျဆင်း ပါတယ်။

နှမ်းဖြူကတော့ တစ်အိတ်ကို ၄၁၅,၀၀၀ မှ ၄၂၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀,၀၀၀ ကျပ်ဈေး တက်ပါတယ်။ နယ်ဈေးကွက်တွေမှာလည်း နှမ်းတစ်အိတ်ကို အနိမ့်ဆုံး ၂၀,၀၀၀ ကနေ ၄၀,၀၀၀ ခန့် ဈေးတွေ ပြန်ကျဆင်းပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဈေးကွက်ထဲ အဝင်များလာပေမဲ့ ဈေးကတော့ အမြင့်ဈေးနဲ့ရှိနေပါတယ်။ နေ့စဉ်ပိဿာချိန် တစ်သိန်းနဲ့အထက် အဝင်ရှိနေပါတယ်။

ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်နီ (ဆိပ်ဖြူ၊ မုံရွာ၊ မြင်းခြံ၊ တောင်သာတို့)က တစ်ပိဿာကို အနိမ့်ဆုံးဈေး ၁၄၀၀ မှ အမြင့်ဆုံးဈေး ၂၃၀၀ ကြားရှိပြီး ပြီးခဲ့တဲ့အပတ်ကအတိုင်း ဈေးအပြောင်းအလဲမရှိပါဘူး။

**Source: AMIA**

https://htwettoe.com/download

## တရုတ်ဈေးကွက်တစ်ခုတည်းသို့ တင်ပို့နေရသည့် ဧရာဝတီတိုင်းထွက် မတ်ပဲများ



ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် မတ်ပဲကို တရုတ်ဈေးကွက်မှလွဲ၍ ကျန်နိုင်ငံများသို့ တင်ပို့နိုင်ခြင်းမရှိသေးသည့်အတွက် စိုက်ပျိုးသူများ၊ ကုန်သည်များနှင့် လုပ်ငန်းရှင်များ အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

အဆိုပါဒေသထွက် မတ်ပဲကို ယခင်က ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယစသည့်နိုင်ငံများထံသို့ အကန့်အသတ်မရှိ တင်ပို့ရောင်းချခဲ့သော်လည်း လက်ရှိအခြေအနေအရ တရုတ်နိုင်ငံတစ်ခုတည်းသို့သာ အကန့်အသတ်ဖြင့် တင်ပို့နေရကြောင်း သိရသည်။

"ကိုဗစ်ပြီးကတည်းက ပြည်ပဈေးကွက်နဲ့ပြန်ပြီး ချိတ်ဆက်အလုပ် မလုပ်နိုင်သေးဘူး။ လုပ်ငန်းတွေက ပုံစံတကျပြန်မလည်ပတ်နိုင်သေးဘူး။ တင်ပို့တဲ့အခါမှာလည်း လမ်းကြောင်းအခက်အခဲတွေရှိတော့ မသွားနိုင်ဘူး။ ကုန်ကျစရိတ်ကလည်း အရင်ထက် ပိုကုန်တယ်။ တင်ပို့တဲ့လမ်းကြောင်းတွေသာ ကောင်းမယ်ဆိုရင် အခက်အခဲမရှိဘူး"ဟု ဧရာဝတီတိုင်းရှိ မတ်ပဲကုန်သည်တစ်ဦးကပြောသည်။

ယခင်က မတ်ပဲ ၁၆ ပြည် တစ်အိတ် ကျပ် ၁၃၅,၀၀၀ မှ ၁၅၅,၀၀၀ အထိ ဈေးရရှိခဲ့ပြီး လက်ရှိမတ်ပဲ ၁၆ ပြည်တစ်အိတ်ကို ကျပ် ၉၈,၀၀၀ မှ ၁၀,၅၀၀၀ အထိသာ ဈေးရရှိသည့်အတွက် လုပ်သားခ၊ သွင်းအားစုစရိတ်၊ အခြားအထွေထွေကုန်ကျစရိတ်နှင့် နှိုင်းယှဉ်တွက်ချက်ပါက အရှုံးပေါ်နေကြောင်း သိရသည်။

ဧရာဝတီတိုင်း၏ စိုက်ပျိုးရေးလုပ်ငန်းများထဲတွင် စပါးပြီးပါက ပဲသီးနှံကို အဓိကစိုက်ပျိုးခြင်းဖြစ်ပြီး မတ်ပဲသီးနှံကို ဝါးခယ်မ၊ အိမ်မဲ၊ မြောင်းမြ၊ ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်း၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ပန်းတနော်၊ အင်္ဂပူ၊ သာပေါင်း၊ ငပုတော စသည့်မြို့နယ်များတွင် စိုက်ပျိုးကြကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/

## (၂၅) ကြိမ်မြောက် နယ်စပ်ကုန်သွယ်ရေးနှင့်ခရီးသွားလာရေးကုန်စည်ပြပွဲ (The 25th Border Trade and Tourism Fair) တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ စစ်ဆောင်ပနားပြည်နယ်ခွဲ၊ jinghong မြို့တွင် ၁-၁၀-၂၀၂၄ ရက်မှ ၇-၁၀-၂၀၂၄ ရက်အထိ The 25th Border Trade and Tourism Fair ပြပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ တရုတ်-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ၊ နယ်နိမိတ် ၉ ခု ပူးပေါင်းဆောင်ရွက်မှု ယန္တရားအစည်းအဝေးကို စတင်အကောင်အထည်ဖော်ချိန်မှစတင်၍ နိုင်ငံအားလုံးသည် ခရီးသွားလုပ်ငန်း၊ စီးပွားရေး၊ ကုန်သွယ်မှုနှင့်အခြားကဏ္ဍများတွင် အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန်ဖြစ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နယ်စပ်တစ်လျှောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဖြစ်သည်။

အထက်ပါပြပွဲတွင် မြန်မာနိုင်ငံ၊ ကျိုင်းတုံမြို့မှ ပြခန်း (၅) ခန်း အခမဲ့ခင်းကျင်းပြသနိုင်ကြောင်းနှင့် ကျိုင်းတုံမြို့ရှိ ကုမ္ပဏီများအနေဖြင့် ပြခန်းပိုမိုရရှိလိုပါက ပြခန်းစီစဉ်သူများနှင့် ညှိနှိုင်းနိုင်ကြောင်း၊ ကုန်စည်ပြပွဲသို့ ပါဝင်ပြသနိုင်ရေးအတွက် ကျိုင်းတုံမြို့မှ သက်ဆိုင်ရာစီးပွားရေးဌာနအနေဖြင့် ကိုယ်စားလှယ်များ ဖွဲ့စည်းပေးစေလိုပါကြောင်း၊ ပြပွဲတွင် ပါဝင်ပြသမည့် ကိုယ်စားလှယ်များအနေဖြင့် ခရီးသွားလာစရိတ်အပါအဝင် နေထိုင်စားသောက်စရိတ်တို့ကို မိမိစရိတ်ဖြင့် ကျခံရမည်ဖြစ်သည်။

ကုန်စည်ပြပွဲနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက HAN Xiao စကားပြောကြေးနန်းအမှတ် - ၀၀၈၆၆ ၉၁၂၁၄၄၂၂၀ ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်၊ ကိုယ်စားလှယ်များအနေဖြင့် မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

**Source:** https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံ၏ သွင်းကုန်အခွန်တိုးမြှင့်ဖွယ်ရှိမှုက မလေးရှားစားအုန်းဆီဈေးနှုန်းများ ကျဆင်းစေ

စားအုန်းဆီ ထိပ်တန်းထုတ်လုပ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် ရောင်းလိုအားလျော့ကျမည့် အလားအလာများ ရှိနေသော်လည်း ကမ္ဘာ့စားအုန်းဆီ ထိပ်တန်းဝယ်ယူသူဖြစ်သော အိန္ဒိယနိုင်ငံသည် ပိုမိုမြင့်မားသော သွင်းကုန်အခွန် စည်းကြပ်ကောက်ခံမည့် အခြေအနေရှိခြင်းက မလေးရှားဈေးကွက်၌ ဩဂုတ်လ ၂၈ ရက် ဈေးကွက်ပိတ်သိမ်းချိန်တွင် စားအုန်းဆီကြိုရောင်းဈေးနှုန်းများ ကို ကျဆင်းစေခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဘာဆာမလေးရှား ဆင့်ပွားစတော့ဈေးကွက် (Bursa Malaysia Derivatives Exchange) တွင် ဈေးကွက်ပိတ်ချိန်၌ နိုဝင်ဘာလအတွက် သဘော်တင်ပို့မည့် စားအုန်းဆီ စံပြုစာချုပ်ဈေးနှုန်းသည် မက်ထရစ်တစ်တန်လျှင် ရင်းဂစ်ငွေ ၃၉၂၀ ရှိပြီး ၂ ရက်ဆက်တိုက်ကျဆင်းမှုအဖြစ် ယခင်နေ့ ဈေးနှုန်းအပေါ် ၃ ရင်းဂစ် သို့မဟုတ် ၀.၀၈ ရာခိုင်နှုန်း လျော့ကျခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ အစိုးရသည် ဆီထွက်သီးနှံဈေးနှုန်းများ နိမ့်ကျမှုကြောင့် တောင်သူများအခက်အခဲကြုံရခြင်းကို ကာကွယ် ပေးရန်အတွက် ဟင်းသီးဟင်းရွက်ဆီများ တင်သွင်းမှုအပေါ် စည်းကြပ်ကောက်ခံသော အခွန်နှုန်းထားများအားမြှင့်တင်ရန် စဉ်းစားလျက်ရှိသည်ဟု အစိုးရဌာနဆိုင်ရာ သတင်းအရင်းအမြစ် ၂ ခုက ဩဂုတ်လ ၂၈ ရက်တွင် ပြောဆိုခဲ့သည်။ အဆိုပါ အစီအစဉ်ကို လာမည့်ရက်သတ္တပတ်များအတွင်း အိန္ဒိယအစိုးရက ကြေညာချက်ထုတ်ပြန်ဖွယ်ရှိပြီး စားအုန်းဆီ ဝယ်လိုအား လျော့ကျလျက် ပြည်ပမှဝယ်ယူတင်သွင်းမှု ကျဆင်းစေနိုင်မည့် အလားလာရှိသည်။

အင်ဒိုနီးရှား၏ ဇွန်လ၌ စားအုန်းဆီတင်ပို့မှုမှာ မေလကထက် ၇၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လျက် မက်ထရစ်တန်ချိန် ၃ ဒသမ ၃၈၅ သန်းအထိ ရောက်ရှိခဲ့ကြောင်း၊ သို့သော် ယခင်နှစ်ကာလတူ၌ တင်ပို့နိုင်မှုနှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၈၈ ရာခိုင်နှုန်း လျော့နည်းနေဆဲဖြစ်ကြောင်း အင်ဒိုနီးရှား စားအုန်းဆီအသင်း၏ အချက်အလက်များက ဖော်ပြလျက်ရှိသည်။ ဩဂုတ်လ ပထမရက် ၂၀ အတွင်း မလေးရှား၏ စားအုန်းဆီထုတ်ကုန်များ တင်ပို့မှုအားကောင်းခဲ့သော်လည်း ဩဂုတ်လ ၁ ရက်မှ ၂၅ ရက် အထိ တင်ပို့နိုင်မှုပမာဏသည် ယခင်လ အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၄ ဒသမ ၁ ရာခိုင်နှုန်းမှ ၁၄ ဒသမ ၉ ရာခိုင်နှုန်းအတွင်းကျဆင်းခဲ့သည်ဟု ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးကုမ္ပဏီများဖြစ်သော Intertek Testing Services နှင့် AmSpec Agri Malaysia တို့၏ အချက်အလက်များအရ သိရသည်။

ရာသီဥတု အထောက်အပံ့ ကောင်းမွန်မှုမရှိခြင်းနှင့် ဆီအုန်းပင်များ သက်တမ်းရင့်လာခြင်းတို့ကြောင့် အင်ဒိုနီးရှား၏ ယခုနှစ် စားအုန်းဆီထုတ်လုပ်မှုမှာ ကျဆင်းမည်ဟုခန့်မှန်းရပြီး ဈေးကွက်တွင် ဝယ်လိုအား ဆက်လက်မြင့်မားနေဖွယ်ရှိကြောင်း၊ ထို့ပြင် ၂၀၂၅ ခုနှစ်အတွင်း ဇီဝဒီဇယ်ဆီ သုံးစွဲမှုတိုးမြှင့်မည့် အင်ဒိုနီးရှား၏အစီအစဉ်သည် တင်ပို့နိုင်မည့်ပမာဏကို ကန့်သတ်မှု ဖြစ်စေလျက် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများ မြင့်တက်မှုကို အထောက်အကူပြုနိုင်ကြောင်းဖြင့် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့အခြေစိုက် Kantilal Laxmichand ကုမ္ပဏီမှ ကုန်သွယ်ရေးမန်နေဂျာ Mitesh Saiya က ပြောကြားခဲ့သည်။

အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာနသည် ကမ္ဘာ့စားအုန်းဆီ ဝယ်လိုအားနည်းပါးနေချိန်တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် အတွက် စားအုန်းဆီတင်ပို့မှုအပေါ် ကောက်ခံသော အခွန်နှုန်းထားကို ပြန်လည်ချိန်ညှိမည့် အစီစဉ်တစ်ရပ်အား အချိန်ယူစဉ်းစား ဆောင်ရွက်လျက်ရှိသည်ဟု Bisnis.com က ဩဂုတ်လ ၂၆ ရက်၌ ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ Dalian ဈေးကွက်တွင် အရောင်းအဝယ်အများဆုံးဖြစ်သော ပဲပုပ်ဆီ၏ စာချုပ်ဈေးနှုန်းများမှာ ၀ ဒသမ ၅၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း စားအုန်းဆီ စာချုပ်ဈေးနှုန်းမှာ ၀ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ (CBOT) ဈေးကွက်၌ ပဲပုပ်ဆီ၏ ဈေးနှုန်းများသည် ၀ ဒသမ ၂၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီဈေးကွက်၌ ဝေစုနေရာရရှိနိုင်ရေး ယှဉ်ပြိုင်နေရသည့်အလျောက် အခြားသောဆက်စပ်နေသည့် စားသုံးဆီများ၏ ဈေးနှုန်းပြောင်းလဲမှုများသည် စားအုန်းဆီအပေါ် သက်ရောက်လျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြ ထားသည်။

**Source: Business Recorder, 29 Aug 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးမှုများကြောင့် စပါးအထွက်လျော့ကျနိုင်

ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်မှုနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရုတ်တရက် ရေကြီးမှုများဖြစ်ပေါ်ခြင်းက အနည်းဆုံး ခရိုင် ၁၂ ခု၌ စိုက်ပျိုးထားရှိသော မိုးကြိုစပါးများ၊ မိုးစပါးများ၊ မိုးစပါးပျိုးခင်းများနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ကြီးမားစွာ ထိခိုက်ပျက်စီးစေလျက်ရှိကြောင်း The Business Standard သတင်းဌာနက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ် စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ခရိုင်များစွာတွင် မကြာသေးမီက ရေကြီးမှုများကြောင့် စပါးထွက်ရှိမှုမှာ တန်ချိန် ၈ ဒသမ ၅ သိန်းခန့် လျော့နည်းနိုင်ကြောင်း သိရသည်။ ပြင်းထန်သော ရေလွှမ်းမိုးမှုများကြောင့် စိုက်ပျိုးမြေများ၌ သိသာစွာ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လျက်ရှိရာ မိုးကြိုစပါးနှင့် မိုးစပါးအထွက်ကျဆင်းမည့် အလားအလာရှိမှု အပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။ စိုက်ပျိုးရေးဝန်ကြီးဌာန၏ အဆိုအရ ခရိုင် ၁၂ ခုတွင် ရေကြီးမှုကြောင့် သီးနှံများ အကြီးအကျယ် ထိခိုက်ပျက်စီးမှုရှိပြီး အခြားသော ခရိုင် ၁၅ ခု၌လည်း သီးနှံများ အသေးစားထိခိုက် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။

ရေလွှမ်းမိုးမှုဖြစ်ပေါ်ရာတွင် မိုးကြိုစပါးများနှင့် လက်ရှိမုတ်သုံရာသီ၌ စိုက်ပျိုးဆဲ မိုးစပါးများ စိုက်ပျိုးထားရှိသော စပါးစိုက် ဧရိယာ ၂၉၁,၁၃၃ ဟက်တာ ပါဝင်လျက်ရှိသည်။ ယခင်နှစ် သီးနှံရာသီ၌ တစ်နိုင်ငံလုံး ပျမ်းမျှထွက်ရှိမှုအပေါ် အခြေခံတွက်ချက်မှုအရ အဆိုပါ လယ်မြေဧရိယာ ပမာဏမှ စပါးထွက်ရှိမှုမှာ အနည်းဆုံး ၈၄၁,၂၃၄ တန်ရှိခဲ့သည်။

ခရိုင် ၁၂ ခုတွင် ရေလွှမ်းမိုးမှုကို ဆိုးရွားစွာရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် စိုက်ပျိုးထားသော စပါးခင်းများအားလုံးမှာ ပျက်စီးဆုံးရှုံးနိုင်သည်ဟု စိုက်ပျိုးရေးပညာပေးဦးစီးဌာနက ဖော်ပြထားသည်။ ထို့ပြင် မိုးစပါးပျိုးခင်းပေါင်း ၁၉,၆၈၀ ဟက်တာ သည်လည်း လုံးဝဥဿုံ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်။ စပါး၊ ဟင်းသီးဟင်းရွက်၊ ချင်း၊ နနွင်း၊ ငရုတ်၊ သစ်သီးဝလံ၊ ဖရဲသီး၊ သင်္ဘောသီး၊ ကြက်သွန်နီ၊ ခရမ်းချဉ်၊ ကွမ်းသီးနှင့် ကြံတို့ အပါအဝင် စိုက်ပျိုးမြေဧရိယာ ၃၃၉,၃၈၂ ဟက်တာသည် ရေလွှမ်းမိုးမှု

ဒဏ်ခံခဲ့ရခြင်းဖြစ်သည်။ စပါးစိုက်ခင်းများ၏နောက်၌ ထိခိုက်ပျက်စီးမှုအများဆုံးမှာ ဟင်းသီးဟင်းရွက်များဖြစ်ပြီး ၎င်းစိုက်ခင်းများသည် ဆည်တင်၍မရနိုင်အောင် ပျက်စီးခဲ့ကြောင်း အဆိုပါဌာနက ဖော်ပြခဲ့သည်။

စိုက်ပျိုးရေးပညာပေးဦးစီးဌာနအနေဖြင့် ငွေကြေးတန်ဖိုးအရ သီးနှံစိုက်ခင်းများ ဆုံးရှုံးမှုမည်မျှရှိသည်ကို တွက်ချက်ရန် ကျန်ရှိနေသည်။ သို့သော် ရေလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းဝန်ကြီးဌာနကမူ ငါးမွေးမြူရေးနှင့် တိရစ္ဆာန်မွေးမြူရေးကဏ္ဍ၌ ပြန်လည်ပြုပြင်၍မရနိုင်သော ပျက်စီးဆုံးရှုံးမှုမှာ တာကာငွေ ကုဋေ ၂၀၀၀ ကျော် ရှိသည်ဟု ဖော်ပြထားသည်။

ဩဂုတ်လ ၂၅ ရက်တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Farida Akhtar က Chattogram, Sylhet နှင့် Khulna ဒေသ ကြီး ၃ ခုရှိ စီရင်စုနယ်မြေ ၈၆ ခုတွင် ဖြစ်ပေါ်လျက်ရှိသော ရေလွှမ်းမိုးမှုများကြောင့် ငါးလုပ်ငန်းကဏ္ဍတစ်ခုတည်းကပင် တာကာငွေ ၁၅၉၀ ဒသမ ၃၆ ကုဋေ ဆုံးရှုံးမှုရှိကြောင်း၊ ရေလွှမ်းမိုးမှုသည် ငါးမွေးကန်ပေါင်း ၁၈၀,၈၉၉ ကန်၊ ဆည်တာတမံများနှင့် လယ်ယာမြေများအပေါ် ထိခိုက်မှုဖြစ်ပေါ်ပြီး ငါးနှင့်ပုစွန်တန်ချိန် ၉၀,၇၆၈ တန် ဆုံးရှုံးခဲ့ရကြောင်း၊ ပုစွန်နှင့်ငါးသားပေါက်ကောင်ရေ ၂၇၄၆ သိန်း ထိခိုက်ပျက်စီးခဲ့ကြောင်း ပြောကြားခဲ့သည်။

ခရိုင် ၁၂ ခု၌ ရေလွှမ်းမိုးခြင်းသည် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုကိုလည်း ဖြစ်ပေါ်စေခဲ့ပြီး နို့ထွက်ပစ္စည်း၊ ကြက်ဥ၊ နွားမွေးမြူရေးနှင့် ကြက်မွေးမြူရေးတို့တွင် ဆုံးရှုံးမှုတန်ဖိုးမှာ တာကာငွေ ၄၁၁ ကုဋေ ရှိကြောင်း သိရသည်။ မွေးမြူရေးကဏ္ဍ၌ ထိခိုက်မှုများကို ပြန်လည်ကုစားရန်အတွက် အဆင့်သုံးရပ်ဖြင့် ဆောင်ရွက်သွားမည်ဟု အစိုးရကပြောကြားထားပြီး တိရစ္ဆာန်အစာများ ထောက်ပံ့ဖြန့်ဖြူးခြင်း၊ ကြက်မွေးမြူရေးခြံများ၌ ကာကွယ်ဆေးထိုးခြင်း၊ နွားမွေးမြူရေးအတွက် မြက်များဖြန့်ဝေခြင်းတို့ကို အရေးပေါ်ထောက်ပံ့မှုအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ထိခိုက်မှုကြုံတွေ့ခဲ့ရသော ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ပေးရေး အစီအမံများကို ချမှတ်ထားကြောင်း သိရသည်။

ဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ ၂၅ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ခရိုင် ၁၁ ခုတွင် အိမ်ထောင်စုပေါင်း ၁,၂၃၈,၀၄၈ စု၊ လူဦးရေ ၅၇ ဒသမ ၀၁ သိန်းကျော်သည် ရေဘေးဒုက္ခကို ကြုံတွေ့နေရကြောင်း၊ ရေကြီးမှုကြောင့် လူ ၂၃ ဦးသည် အသက်ဆုံးရှုံးခဲ့ရကြောင်း ဖော်ပြထားသည်။

**Source: The Business Standard, 27 Aug 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm

## STOCK EXCHANGE (2.9.2024)




| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.86 | +1.95 | +0.48% | 411.17 | 411.96 | 411.17 | 3,028 | 9,229,950 | 8 | 776,834 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 2nd Sep. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,028 (Shares) | 9,229,950 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 51 | 453,900 | 33,109,694 | 294,676 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 1,702 | 5,957,000 | 38,929,150 | 136,252 |
| MCB | 00003 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 0 | 0 | 10,400,986 | 93,609 |
| FPB | 00004 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,800 | 200 | 360,000 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 473 | 1,324,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 537 | 914,650 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 0 | 0 | 10,497,598 | 48,289 |
| MAEX | 00008 | 3,350 | +50 | +1.52% | 3,400 | 3,400 | 3,350 | 65 | 220,000 | 23,804,946 | 79,747 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 2nd Sep. 2024

| Trading Volume | Trading Value |
|---|---|
| 3,112 (Shares) | 12,296,450 (MMK) |

## Main Board

As of 1:00 pm, 2nd Sep. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,028 (Shares) | 9,229,950 (MMK) |

| MYANPIX | 411.86 ▲ 1.95 |
|---|---|
| Total Volume (shares) | 3,028 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 776,834 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 50 |